## ပြောင်းလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မည့်လုပ်ငန်းရှင်များ လွယ်ကူချောမွေ့စွာ ပြောင်းတင်ပို့နိုင်ရေး ရည်ရွယ်၍ မြန်မာ-ထိုင်းနှစ်နိုင်ငံအစိုးရချင်း အသိအမှတ်ပြုမည့် **"မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက် ထုတ်ပေးရေးလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့"** ကို ဖွဲ့စည်းဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအဖွဲ့အနေဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့မည့် ပြောင်းများအတွက် မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်အား (၃-၃-၂၀၂၆) ရက်နေ့မှစတင်၍ စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်းနှင့် ထောက်ခံချက်ထုတ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| **ဆက်သွယ်ရမည့်ပုဂ္ဂိုလ်** | **ဖုန်းနံပါတ်များ** |
|---|---|
| (က) ဒေါ်နီလာစိုး၊ လက်ထောက်အတွင်းဝန် (ပြည်ထောင်စုဝန်ကြီးရုံး) | ၀၉ ၅၀၇၀၇၉၂၊ ၀၆၇ ၃၄၀၈၂၄၇ |
| ( ခ ) ဒေါ်ချိုသက်မူ၊ ညွှန်ကြားရေးမှူး (ကုန်သွယ်ရေးဦးစီးဌာန) | ၀၉ ၅၀၇၀၇၀၈၊ ၀၆၇ ၃၄၀၈၃၁၉ |

**မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်း**
**မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့**